မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 21 , 2025 Volume 88 , Number 12

၂၁.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၄.၂၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၂.၈၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၅.၇၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၁.၃၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၅၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ကျောက်ဆည်ခရိုင်၌ ခွေးတောက်ပင် စိုက်ပျိုးမှုနှင့်ဈေးကွက်





မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက်ခွေးတောက်ပင်များကို စိုက်ပျိုးလာကြကြောင်း၊ ယခင်ကသဘာဝအလျောက်ပေါက်သော ပင်ကြီးခွေးတောက်ရွက်ကိုခူးယူ၍ ရောင်းချကြပြီး ယခုအခါတွင် ရာသီမရွေးစိုက်ပျိုးနိုင်ပြီး အချိန်မရွေးစားသုံးနိုင်သော ပင်သေး(ထွက်တိုး)ခွေးတောက်ပင်များကို လယ်ယာမြေများတွင် စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ပင်သေးခွေးတောက်ပင်ကို စိုက်ပျိုးပြီး ၃ လခန့်အကြာတွင် စတင်ခူးဆွတ် ရောင်းချနိုင်ကြောင်း၊စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်၍ ပျိုးပင်၄၅ ရက်သားအရွယ်တွင် ဘောင်ခတ်စနစ်ဖြင့်မြေချစိုက်ပျိုးရကြောင်း၊တစ်ကေလျှင်ခွေးတောက်မျိုးစေ့ တစ်ပြည်ခန့်ကုန်ကျစိုက်ပျိုးရပြီး မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင်စုစုပေါင်းငွေကျပ် ၅ သိန်း ခန့် ကုန်ကျကြောင်း၊ ခွေးတောက်ရွက်များကို ၇-၁၀ ရက်ခြား တစ်ကြိမ် ခူးဆွတ်နိုင်၍တစ်ကြိမ်ခူးဆွတ်လျှင် ပိဿာချိန် ၈၀ ခန့်ရရှိပြီး တစ်ကေအတွက် တစ်လလျှင် ပိဿာချိန် ၂၄၀ ပိဿာခန့်ထွက်ရှိရာ စိုက်ပျိုးမြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းများကွဲပြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ရန်ကုန်-မန္တလေးမြို့တို့ရှိ ဈေးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ခွေးတောက်ပင်သည် နှစ်ရှည်ပင် ဖြစ်သည့်အတွက် အပင်ဖြစ်ထွန်းအောင်မြင်မှုနှင့် ဂရုစိုက်ပြုစုမှုကောင်းမွန်ပါက တစ်နှစ်ပတ်လုံးအထွက်နှုန်းကောင်းမွန်ပြီး အကျိုးအမြတ်များရရှိကြောင်း သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ကျိုက်မရောမြို့နယ်၊ ဘိန်းဖျောကျေးရွာ၌ မေမြို့ပန်းများ လှိုင်လှိုင်ထွက်ရှိ



မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊ကျိုက်မရောမြို့နယ်၊ဘိန်းဖျောကျေးရွာ၌ မေမြို့ပန်းများလှိုင်လှိုင်ထွက်ရှိကာ ပန်းဈေးလည်းကောင်းသဖြင့် စီးပွားဖြစ် ပန်းစိုက်တောင်သူများ မိသားစုဝင်ငွေတိုးလျက်ရှိကြောင်း သိရသည်။

ဘိန်းဖျောကျေးရွာမှ ပန်းစိုက်ခင်းများ အောင်မြင်လျက်ရှိပြီး ယခုနှစ်တွင်ဂန္ဓမာပန်းအပြင် မေမြို့ပန်း ပန်းပင်များကိုပါ စမ်းသပ်စိုက်ပျိုးကြရာ ယခုချိန်၌ လှိုင်လှိုင်ထွက်ရှိပြီးဖြစ်ကြောင်းသိရသည်။

မေမြို့ပန်းများကို ယခုနှစ်ဆောင်းရာသီတွင် မေမြို့ဘက်မှ အစေ့များမှာယူပြီး ပျိုးထောင်ကာ စိုက်ပျိုးကြကြောင်း မေမြို့ပန်းသည် မြေပွ၍ သဲနုန်းဆန်သည့် မြေဆီလွှာကို ပို၍နှစ်သက်ပြီး အထွက်နှုန်းလည်းကောင်းသဖြင့် မေမြို့ပန်းကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများလာကာ ပန်းဈေးများမှာလည်းယခင်နှစ်များထက်ပိုမိုကောင်းပြီး ပန်းစည်းလက်တစ်ဆုပ် တစ်စည်းလျှင် ဆယ်ပွင့်ပါပြီး တစ်စည်းကို ၃၀၀၀ကျပ်အထိ ဈေးကောင်းရရှိနေသဖြင့် အဆင်ပြေပြီး မိသားစုအပိုဝင်ငွေလည်း ရရှိကြောင်း မေမြို့ပန်းစိုက်ပျိုးရောင်းချသူတစ်ဦးထံက သိရသည်။

ယခုရာသီတွင် နေပူရှိန်ပြင်းလွန်း၍ ပန်းခက်လေးတွေ နေမလောင်ရအောင်အထူးဂရုစိုက်ရကြောင်း နေပြင်းချိန်မှာ ရေမလောင်းရဘဲ ညနေခင်းနေပူချိန်ကျမှသာ ရေလောင်းခြင်း၊ ပိုးကောင်လေးများအား ဖမ်းပေးခြင်း၊ ဆေးဖျန်းခြင်းများကို ဂရုစိုက်၍ ဆောင်ရွက်ပေးရကြောင်း သိရသည်။ ဒေသထွက် မေမြို့ပန်းများကို အခြားသောမြို့ကြီးများအထိ ဖောက်သည်ပေးရကြောင်း သိရသည်။

**Source : DOCA(မွန်)**

https://www.doca.gov.mm/

## အွန်လိုင်းမှ ရွှေရောင်းပါက လိုင်စင်ထပ်မံလျှောက်ထားရမည်



အွန်လိုင်းကတစ်ဆင့်ရောင်းချနေတဲ့ ရွှေဆိုင်တွေအနေနဲ့ ကုန်သွယ်ရေးဦးစီးဌာနမှာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း ( Online Sale ) လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရမယ်လို့ ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း (YGEA) က သိရပါတယ်။

ထို့ကြောင့် ရွှေဆိုင်တွေအနေနဲ့ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အပြင် (Online Sales) မှတ်ပုံတင်ပါ လျှောက်ထားရမှာဖြစ်ကာ အွန်လိုင်းစနစ်နဲ့မရောင်းပါက ထပ်မံလျှောက်ထားဖို့မလိုအပ်ဘူးလို့ အသင်းတာဝန်ရှိသူက ဆိုပါတယ်။ eComRegSysemt မှာ မှတ်ပုံမတင်ဘဲ အွန်လိုင်းစနစ်နဲ့ရောင်းချနေတာကို စစ်ဆေးတွေ့ရှိရင် အရေးကြီးကုန်စည်နှင့်ဝန် ဆောင်မှုဥပဒေအရ အရေးယူခံရမယ်လို့ အသိပေးထားပါတယ်။တစ်ဖက်မှာလည်း ရွှေဆိုင်တွေအနေနဲ့ သယံဇာတနဲ့ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှာ မှတ်ပုံတင်ရမှာဖြစ်ပြီး လုပ်ငန်းလိုင်စင်လျှောက် ထားရယူခြင်း မရှိဘဲဖွင့်လှစ်ရောင်း ချခွင့်မရှိဘူးလို့ သိရပါတယ်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၈ ရက်ကနေ ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီ ၁၇ ရက်အထိ ၃ လအတွင်း ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်လျှောက်ထားမှု စုစုပေါင်း ၄၇၅၈ စောင်ရှိခဲ့ပါတယ်။“လေပတ်ကား(နှုတ်ဖြင့် ရောင်း/ဝယ်ခြင်း) နဲ့ တစ်ကယ်အရောင်းအဝယ်လုပ်တဲ့သူတွေကို လိုင်စင်နဲ့ခွဲခြားပြီးတော့ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် လိုင်စင်ကမဖြစ်မနေ လုပ်ရမဲ့ကဏ္ဍတစ်ခုပဲဖြစ်တယ်”လို့ ရန်ကုန်ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ဥက္ကဋ္ဌက ပြောပါတယ်။

ယခုရက်ပိုင်း ကမ္ဘာ့ရွှေဈေး ဆက်တိုက်တက်ရိပ်ပြလာတာကြောင့် ပြည်တွင်းရွှေဈေးလည်း လိုက်ပါမြင့်တက်လာတာကို ရန်ကုန်ဈေးကွက်ကနေ သိရပါတယ်။မတ်လ ၁ ရက်နေ့က ကမ္ဘာ့ဈေး တစ်အောင်စ ၂၈၅၇ ဒေါ်လာဈေးရှိချိန်မှာ ပြည်တွင်းဈေး က ၅၄ သိန်း ၅ သောင်းကျပ် ဖြစ်ပြီး မတ် ၂၀ ရက်နေ့မှာ ကမ္ဘာ့ဈေး ၃၀၄၉ ဒေါ်လာရှိလာချိန် ပြည်တွင်းဈေးဟာ ၅၅ သိန်း ၈ သောင်းကျပ် အထိ မြင့်တက်လာပါတယ်။ပြင်ပလေပေတ်ကားမှာလည်း အခေါက်ရွှေဈေးနှုန်းဟာ ကျပ် ၂ သိန်း ခန့်မြင့်တက်လာ ပြီး ကျပ် ၆၈ သိန်းရှိလာကြောင်း သိရပါတယ်။

**Source : BETV Business**

## ကျောက်ဆည်မြို့နယ်၌ ပဲကြီးသီးနှံများ ရိတ်သိမ်းလျက်ရှိ





မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲကြီးသီးနှံကို ယခင်က လယ်ကန်သင်းရိုးနှင့် မြောင်းဘောင်များတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် ယာမြေနှင့် လယ်မြေများတွင်စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ၁,၂၅၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရပြီး ယခုအချိန်တွင် ပဲကြီးသီးနှံများ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ပဲကြီးသီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ခူးဆွတ် ရိတ်သိမ်းလျက်ရှိကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၁၅၀,၀၀၀ ခန့် ကုန်ကျ ပြီးပဲကြီးသီးနှံကို ၅ ရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊တစ်ကြိမ်လျှင်တစ်တင်းမှတစ်တင်းခွဲအထိ ခူးဆွတ်ရပြီးတစ်ကေလျှင် ၁၂ တင်း ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြကာ တောင်သူများအနေဖြင့် အကျိုးအမြတ်ရရှိကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦး ထံက သိရသည်။

**Source : DOCA (မန္တလေး)**

https://commerce.gov.mm/

## ကျိုက်လတ်မြို့နယ်တွင် ခဝဲသီးများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် ခဝဲသီးများဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ကောင်း မွန်နေကြောင်း ကျိုက်လတ်မြို့နယ်မှကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင် ရှင်တစ်ဦးက ပြောသည်။

ကျိုက်လတ်မြို့နယ်ကုန်စိမ်းဈေးကွက်တွင် ဒေသထွက်ခဝဲသီး များယခုနှစ်မတ်လပထမပတ်မှ လက်ရှိအချိန်ထိ အရောင်းအဝယ် ကောင်းမွန်လျက်ရှိပြီး တစ်ရက်လျှင် ခဝဲသီးတောင့် ၄၀,၀၀၀ မှ ၄၅,၀၀၀ထိ ဝယ်ယူမှုအားကောင်းလာကြောင်း၊အဆိုပါခဝဲသီးတောင့် ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကထွက်တဲ့ ခဝဲသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူမှုများနေပါတယ်။လက်ရှိမှာတစ်ရက်ကို ခဝဲသီးတောင့် ၄၅,၀၀၀ ထိအရောင်းအဝယ်ဖြစ်နေပါတယ်။ခဝဲသီးတွေကအရည်အသွေးကောင်းပြီး ဒေသထွက်ကုန် ဖြစ်တော့ ဈေးသက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့စားသောက်ကုန်တွေကို စားသုံးနိုင်မှာဖြစ်ပါတယ်၊ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးကွက်က ခဝဲသီးတွေ

ကို အခြားဒေသတွေက အဝယ်လိုက်နေပါတယ်။အခုလို ဝယ်ယူမှုအားကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုအဆင်ပြေလာပါတယ်”ဟု ၎င်းကပြောသည်။

ကျိုက်လတ်မြို့နယ်တွင် ခဝဲသီးအပါအဝင်ဒေသထွက်ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း ၊အဆိုပါခဝဲသီးများဝယ်ယူမှုအားကောင်းလာသည့်အတွက်ထပ်မံတိုးချဲ့စိုက်ပျိုးရန်တောင်သူများပြင်ဆင်နေကြောင်း၊ဒေသထွက်ကုန်များ ရောင်းချရသည့်အတွက် သယ်ယူစရိတ်ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ကမ္ဘာ့ကော်ဖီဈေးနှုန်းမြင့်တက်မှုကြောင့် ဘရာဇီးကော်ဖီစိုက်တောင်သူများမှ လက်ကျန်နည်းပါးသည်အထိ ရောင်းချ



ဘရာဇီး၌ကမ္ဘာ့အဆိုးဆုံးမိုးခေါင်ရေရှားမှုများအပြီးကမ္ဘာ့ကော်ဖီဈေးနှုန်းသည် ၁၄ လအတွင်း ၂ ဆ နီးပါး စံချိန်တင်မြင့်တက်ခဲ့သည့်အတွက် ဘရာဇီးကော်ဖီစိုက် တောင်သူများက ၎င်းတို့ကော်ဖီများကို ကော်ဖီသီးနှံသစ်မပေါ်မီ ရောင်းချခဲ့ကြကြောင်း၊ ပြီးခဲ့သည့်နှစ်က Starbucks ကော်ဖီတစ်ခွက်လျှင် ၁၆ ရာခိုင်နှုန်းဈေးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅ ဖြစ်ခဲ့ကြောင်း၊ Nespresso coffee-pod တစ်ခုလျှင်ယခင်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ မှ ၁ ဒသမ ၄၅ သို့ ဈေးတက်ခဲ့ကြောင်း၊ နှပ်ကော်ဖီအဖြစ် အသုံးပြုသည့် အာရေဗီးကားကော်ဖီစေ့သည် ၂၀၂၄ ခုနှစ်အတွင်း ၇၀ရာခိုင်နှုန်း နှင့် ယခုနှစ်တွင် ၂၀ ရာခိုင်နှုန်းဈေးတက်ခဲ့သဖြင့် ဖေဖော်ဝါရီ၁၁ ရက်နေ့ပေါက်ဈေးအရ တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ ရှိခဲ့ကြောင်း၊ အသင့်ဖျော်ကော်ဖီတွင် အသုံးပြုသည့် ရိုဘတ်စတာကော်ဖီသည် ၂၀၂၄ ခုနှစ်အတွင်း ၇၂ ရာခိုင်နှုန်း ဈေးတက်ခဲ့သဖြင့် ဖေဖော်ဝါရီ ၁၂ ရက်နေ့ ပေါက်ဈေးအရ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၄၇ ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင်လည်း ထုတ်လုပ်မှုထက် သောက်သုံးမှုပိုမိုမည်ဟု ခန့်မှန်းထားကြောင်း The Financial Express မှ ဖော်ပြထားသည်။

ကမ္ဘာ့ကော်ဖီအများဆုံးစိုက်ပျိုးသည့် ဘရာဇီးသည် ၂၀၂၄ ခုနှစ်တွင် ကော်ဖီအများဆုံးတင်ပို့ခဲ့သော်လည်း ရိုဘတ်စတာကော်ဖီ အများဆုံးတင်ပို့သည့် ဗီယက်နမ်သည် ရာသီဥတုဆိုးဝါးမှုကြောင့် ၂၀၂၄ ခုနှစ်တွင် ကော်ဖီတင်ပို့မှုသည် ၂၀၂၃ ခုနှစ်ကထက် ၁၇ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း၊ ကော်ဖီသီးနှံသစ် မထွက်မီကာလအထိ ယခုကဲ့သို့ ပစ္စည်းပြတ်လပ်မှုမျိုး ဘရာဇီး၌ တစ်ခါမှမကြုံဘူးကြောင်း ကမ္ဘာ့အကြီးဆုံးကော်ဖီသမအသင်း(Co-op) ဖြစ်သည့်Cooxupe မှတာဝန်ရှိပုဂ္ဂိုလ် တစ်ဦးက ပြောကြားခဲ့သည်။

Cooxupe မှ တာဝန်ရှိသူများခန့်မှန်းချက်အရ ၂၀၂၄ ခုနှစ်အတွင်း ဘရာဇီးကော်ဖီစိုက်တောင်သူများသည် ထုတ်လုပ်မှု၏ ၈၈ ရာခိုင်နှုန်းကို ရောင်းချခဲ့ပြီး လက်ကျန် ၈ ရာခိုင်နှုန်းသာရှိကြောင်း၊ မေနှင့်ဇွန်လများတွင် ကော်ဖီသီးနှံအသစ်များ စတင် ရိတ်သိမ်းနိုင်ပြီး ဇူလိုင်လမကုန်မီအထိတင်ပို့ရောင်းချနိုင်မည်ဟုမထင်ကြောင်း၊ကော်ဖီစိုက်တောင်သူတစ်ဦးက ကော်ဖီအကုန် ရောင်းချလိုက်ကြောင်းနှင့် မေလကုန်ခါနီးမှသာ သီးနှံသစ်ရိတ်သိမ်းမည်ဖြစ်ကြောင်း၊ အခြားကော်ဖီစိုက်တောင်သူတစ်ဦးက ယခုနှစ်တွင် ၎င်း၏ စိုက်ပျိုးမှုမှ အနည်းငယ်သာ ထွက်ရှိမည်ဖြစ်သဖြင့် ကော်ဖီလက်ကျန် ၄၀ ရာခိုင်နှုန်းထိန်းသိမ်းထားကြောင်း၊ အမေရိကန်အကြိုက် အရည်အသွေးမြင့် ကော်ဖီရောင်းချသူများကလည်း ကော်ဖီတစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅၀ ထိ ဈေးနှုန်းရရန် ညှိနှိုင်းလျက်ရှိကြောင်းစသည့် ၂၀၂၅ ခုနှစ်အတွက် ကော်ဖီခန့်မှန်းချက်များကို The Financial Express ကဖော်ပြထားသည်။

**Source: The Financial Express**

https://commerce.gov.mm/

## ထိုင်းနိုင်ငံ၌ ၂၀၂၅ ခုနှစ် Songkran ပွဲတော်မှ ဝင်ငွေ ဘတ် ၂၆ ဒသမ ၅ ဘီလီယံ ရရှိနိုင်မည်ဟု ထိုင်းခရီးသွားအာဏာပိုင်က ခန့်မှန်းထား

ယခုနှစ်Songkran ပွဲတော်မှနိုင်ငံတကာခရီးသွားများထံမှ ဘတ် ၂၆ ဒသမ၅ ဘီလီယနှင့် ပြည်တွင်းခရီးစဉ်ပေါင်း ၄ ဒသမ ၄ သန်းရရှိလာနိုင်မည်ဟု ထိုင်းခရီးသွားအာဏာပိုင်က ခန့်မှန်းထားကြောင်း သိရသည်။ဧပြီလ ၁၂ ရက်မှ ၁၆ ရက်အတွင်း နိုင်ငံတကာဈေးကွက်မှ ၇ ရာခိုင်နှုန်းတိုးတက်မှုရှိနိုင်ပြီး ဘတ် ၇ဒသမ၃ ဘီလီယံနှင့် ပြည်တွင်းဈေးကွက်မှ ၉ ရာခိုင်နှုန်းတိုးတက်မှုရှိနိုင်ပြီး ဘတ် ၁၉ ဒသမ ၂ ဘီလီယံ ရရှိနိုင်မည်ဟု မျှော်လင့်ထားပါကြောင်း၊နိုင်ငံတစ်ဝှမ်းတွင် ပွဲတော်များကျင်းပသွားမည်ဖြစ်သဖြင့် Maha Songkran World Water Festival 2025 မှ စုစုပေါင်းဝင်ငွေသည် ၈ ရာခိုင်နှုန်းတိုးတက်မှုရှိနိုင်ကြောင်း၊ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည့် တရုတ်သရုပ်ဆောင်ကိစ္စရပ်နှင့် Call center များ နှိမ်နင်းမှုများကြောင့် လုံခြုံစိတ်ချရမှုအပေါ် ယုံကြည်မှုလျော့ကျနေသဖြင့် တရုတ်ဈေးကွက်သည် ၃၄ ရာခိုင်နှုန်းနှင့် ဟောင်ကောင်ဈေးကွက်သည် ၂၈ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း၊ ဥရောပခရီးသွားအရေအတွက်သည် ၂၃ ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်း၊ လေယာဉ်လက်မှတ်ကြိုတင်ဝယ်ယူမှုများသည် ၁၇ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ပြီး အများစုမှာယူကေ၊ဂျာမနီနှင့်အစ္စရေးတို့ဖြစ်ကြောင်း ဥက္ကဋ္ဌ Ms. Thapanee Kiatphaibool က ပြောကြားခဲ့သည်။


အရှေ့တောင်အာရှဈေးကွက်သည် ၇ ရာခိုင်နှုန်းတိုးတက်မှုရှိနိုင်ပြီး ခရီးသွားဦးရေ ၁၆၀,၈၀၀ ဦးထိ ရောက်ရှိနိုင်ကြောင်း၊ မလေးရှားသည် ခရီးသွားဦးရေ ၈၁,၀၀၀ ဖြင့်အများဆုံးဖြစ်နိုင်ပြီး ဝင်ငွေ ဘတ် ၆၃၇ သန်းရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ တရုတ်ခရီးသွားများသည် ၆၅,၀၀၀ ခန့်သာဝင်ရောက်နိုင်ပြီး ဘတ် ၁ ဒသမ ၂ ဘီလီယံရရှိနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုလ အစောပိုင်းတွင် Songkran အတွက် ဘတ်ဂျက် ဘတ် ၁၅၃ သန်းကို အစိုးရက ခွင့်ပြုထားပါကြောင်း၊ ပွဲတော်ကာလအတွင်း လေယာဉ်ခများကို တတ်နိုင်သောဈေးနှုန်းဖြစ်စေရန် ပို့ဆောင်ရေးဝန်ကြီးဌာနက တိုက်တွန်းထားကြောင်း၊ ဈေးနှုန်းနည်းပါးသော Thai AirAsia နှင့် Thai Vietjet တို့က ဧပြီ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အတွင်း အချို့သော လမ်းကြောင်းများကို လေယာဉ်ခ ၃၀ ရာခိုင်နှုန်းလျှော့ချပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

**Source:** www.bangkokpost.com

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/

## ဖေဖော်ဝါရီလတွင် ဗီယက်နမ်၏ ကားဈေးကွက်မြင့်တက်ပြီး VinFast က ရောင်းချရမှုတွင် ဦးဆောင်



ဗီယက်နမ်၏ ကားဈေးကွက်သည် ဖေဖော်ဝါရီလတွင် ကြီးထွားမှုအားကောင်းခဲ့ပြီး VinFast က ရောင်းချရမှုတွင် ဦးဆောင်ခဲ့ကြောင်း ဗီယက်နမ်မော်တော်ကားထုတ်လုပ်သူများအသင်း (VAMA) ၏ အဆိုအရ သိရသည်။

ဖေဖော်ဝါရီလတွင် VAMA အဖွဲ့ဝင်များသည် အစီးရေ ၂၁,၆၀၆ စီး ရောင်းချခဲ့ရပြီး ဇန်နဝါရီလကထက် ၁၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလကထက် ၈၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

Passenger ကားများမှာ အစီးရေ ၁၄,၅၄၉ စီးရောင်းချခဲ့ရပြီး ဇန်နဝါရီလကထက် ၂ ဒသမ၅ ရာခိုင်နှုန်းမြင့်တက် ခဲ့ကြောင်း Commercial ကားများမှာ အစီးရေ ၆၇၇၅ စီးရောင်းချခဲ့ရပြီး ၅၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း  သိရသည်။ သို့သော် Special-purpose မော်တော်ယာဉ်များမှာ အစီးရေ ၂၈၂ စီးရောင်းချခဲ့ရပြီး ၁၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်သည့်မော်တော်ကားများမှာ အစီးရေ ၁၁,၀၆၇ စီးရောင်းချခဲ့ ရပြီး ၂၁ ရာခိုင်နှုန်းမြင့်တက်ခြင်းက ပြည်တွင်းထုတ်လုပ်မှုကဏ္ဍနာလန်ထူလာမှုကို ပြသနေကြောင်း သိရသည်။ တင်သွင်းလာသည့်မော်တော်ကားရောင်းချရမှုမှာ အစီးရေ ၁၀,၅၃၉ စီး ရောင်းချခဲ့ရပြီး ဇန်နဝါရီလကထက် ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။ ၂၀၂၅ ခုနှစ်၏ ပထမနှစ်လတွင်

VAMA အဖွဲ့ဝင်များသည် မော်တော်ကားအစီးရေ ၄၀,၄၉၉ စီး ရောင်းချခဲ့ရပြီး ၂၀၂၄ ခုနှစ် ပထမနှစ်လထက် ၃၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ VAMA ၏ အချက်အလက်များအပြင် Audi၊ BYD၊ Jaguar Land Rover၊ Mercedes-Benz၊ Nissan၊ Omoda&Jaecoo၊ Subaru၊ Volkswagen နှင့် Volvo တို့မှာလည်း ၎င်းတို့၏ ရောင်းချရမှုကိန်းဂဏန်းကို မဖော်ပြ သော်လည်း ဈေးကွက်တွင် ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။ VinFast သည်ဖေဖော်ဝါရီလတွင် အစီးရေ ၁၂,၅၀၀ စီး ရောင်းချ ခဲ့ရပြီး ဇန်နဝါရီလကထက် ၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာဈေးကွက်ကိုဦးဆောင်ခဲ့ကြောင်းသိရသည်။ လောင်စာဆီသက်သာ သည့် မော်တော်ကားများအတွက် ဝယ်လိုအားမြင့်တက်လာမှုနှင့်အတူ Hybridနှင့်လျှပ်စစ်ကားများရောင်းချရမှုမှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အစီးရေ ၂၀၅ စီး ရောင်းချခဲ့ရရာမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အစီးရေ ၇၅၆ စီးထိ မြင့်တက်ခဲ့ ကြောင်း သိရသည်။ ထိုအရှိန်အဟုန်နှင့်အတူ ၂၀၂၅ ခုနှစ်သည် ဗီယက်နမ်မော်တော်ကားလုပ်ငန်း နယ်ပယ်အတွက် အထူးသဖြင့် လျှပ်စစ်နှင့်သဘာဝပတ်ဝန်းကျင်နှင့်သင့်လျော်သည့် မော်တော်ကားကဏ္ဍတွင်ထိုးဖောက်အောင်မြင်မှုရမည့်နှစ်တစ်နှစ်ဖြစ်လာရန် မျှော်လင့်ရကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (21.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Mar. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,565 (Shares) | 13,221,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +100 | +1.39% | 7,100 | 7,300 | 7,100 | 670 | 4,822,600 | 33,109,694 | 241,701 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 2,040 | 6,438,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 14 | 106,400 | 10,400,986 | 79,048 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 162 | 297,100 | 29,664,613 | 54,880 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 12,823,224 | 37,187 |
| EFR | 00006 | 1,550 | -50 | -3.13% | 1,600 | 1,600 | 1,550 | 404 | 626,400 | 19,977,223 | 30,965 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,900 | 4,000 | 3,900 | 60 | 235,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 215 | 695,750 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 21st Mar. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.60 | +1.22 | +0.34% | 358.62 | 364.60 | 358.62 | 3,565 | 13,221,250 | 8 | 687,710 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Mar. 2025

| Trading Volume | Trading Value |
|---|---|
| 3,565 (Shares) | 13,221,250 (MMK) |

## Main Board

As of 1:00 pm, 21st Mar. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,565 (Shares) | 13,221,250 (MMK) |

| MYANPIX | 364.60 ▲ 1.22 |
|---|---|
| Total Volume (shares) | 3,565 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,710 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |
| EFR | 00006 | 1,550 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |

TIR